**အိမ်သုံးမီတာလျှောက်ထားရာတွင် လိုအပ်သည့်အချက်များ**

(၁) လျှောက်ထားသူ၏မှတ်ပုံတင်မိတ္တူ

(၂) လျှောက်ထားသူ၏လက်ရှိအိမ်ထောင်စုစာရင်း

(၃) လျှောက်ထားသည့်နေရာတွင် နေအိမ်အဆောက်အဦ ဆောက်လုပ်ပြီးစီးကြောင်း အထောက်အထား

(၄) ကျူးကျော်မဟုတ်ကြောင်းနှင့် မိမိပိုင်ဆိုင်သည့်နေရာဖြစ်ကြောင်း ကတိဝန်ခံချက်

(၅) လျှောက်ထားသည့်နေရာ အဆောက်အဦးနှင့် (၄၀၀)ဗို့ (သို့) (၂၃၀)ဗို့ ဓာတ်အားလိုင်း ကြားရှိ ဆားဗစ်ကြိုးသည် ပေ(၃၀၀)အတွင်းရှိရပါမည်။ ပေ(၃၀၀)ကျော်ပါက ကိုယ်ထူကိုယ်ထ ဓာတ်အားလိုင်းကို ဆားဗစ်ဝါယာ သတ်မှတ်ထားသည့် ပေ(၃၀၀) အတွင်းရရှိသည်အထိ တည်ဆောက် ရမည်။

(၆) အဆောက်အဦတစ်ခုထဲတွင် အိမ်သုံးမီတာထပ်မံ ခွင့်ပြုပေးမည်မဟုတ်ပါ။

(၇) အိမ်တွင်းအခြားစီးပွားရေးလုပ်ငန်းရှိ၍ အိမ်တွင်းသုံးစွဲခြင်းကိုပါ စီးပွားရေးနှုန်းဖြင့် ပေးဆောင်နေရသဖြင့် မီတာထပ်မံ လျှောက်ထားပါက အိမ်တွင်းဝါယာကို သီးခြားစီ ခွဲခြားတပ်ဆင်ပေးရမည်။ (မှတ်ချက်–စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်ပါက ပါဝါမီတာ လျှောက်ထားရမည်။)

(၈) အိမ်တွင်းဝါယာသွယ်တန်းခြင်းကို အိမ်ရှင်မှ တာဝန်ယူဆောင်ရွက်ရမည်။

(၉) မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် မှတ်ပုံတင်ကြေး(၁၀၀၀/–)ကျပ် တစ်ထောင် ပေးသွင်း၍ လျှောက်ထားရမည်ဖြစ်ပြီး ဖော်ပြပါအချက်များပြည့်စုံပါက မြို့နယ်လျှပ်စစ် အင်ဂျင်နီယာရုံးမှ ခွင့်ပြုပေးမည်ဖြစ်ပါသည်။

(၁၀) ခွင့်ပြုမိန့်ရရှိပါက သတ်မှတ်ကြေး(Infrastructure)၊ အာမခံစဘော်(Deposit)၊ မီးဆက်ခ၊ ကြီးကြပ်ခ၊ ကြိုးသွယ်ခများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ပေးသွင်းပြီးပါက မီတာတပ်ဆင်ပေးပါမည်။